# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 21, 2024 Volume 79, Number 14


၂၁.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၆၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၈.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm


## ပြည်တွင်းပဲ၊ နှမ်းဈေးကွက် အပြောင်းအလဲမရှိ အမြင့်ဈေးနှင့် တည်ငြိမ်နေသော်လည်း မြေပဲဆန်ဈေးကောင်းလာ



ပြည်တွင်းပဲ၊နှမ်းဈေးကွက် အပြောင်းအလဲမရှိ အမြင့်ဈေးနှင့်တည်ငြိမ်နေသော်လည်း မြေပဲဆန်ဈေးကောင်းလာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှု လျော့ချတာကြောင့် ပြည်တွင်းပဲဆီဝယ်လိုအားကောင်းလာတာနှင့်အတူ မြေပဲဆန်ဈေးကောင်းလာခြင်းဖြစ်သည်။ အသစ်ဝင် မြေပဲဆန်နည်းလာတာကြောင့်လည်း လက်ရှိပေါက်ဈေးမှာ မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်းပဲ၊ နှမ်းဈေးကွက်မှာ ဈေးနှုန်းအပြောင်းအလဲမရှိ အမြင့်ဈေးနှင့် တည်ငြိမ်နေသော်လည်း ပြည်တွင်းသုံး မြေပဲဆန်များမှာ ဈေးကောင်း အဝယ်သွက်လာကြောင်း၊ ဈေးကျဆင်းနေသည့် ပြည်တွင်းသုံး ပဲမာလိုင်းများလည်း အနည်းငယ်အဝယ်ကောင်းလာသည်။ လက်ရှိမှာ ငွေပေးချေမှုအခက်အခဲအချို့ကြောင့် ပဲကုန်သည်များ စောင့်ကြည့်ဝယ်ယူနေကြခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ) က ပြောသည်။

"ပြည်တွင်းပဲဈေးကွက် ဈေးနှုန်းတွေက ထူးခြားတာမရှိပါဘူး။ ပြည်တွင်းသုံး ကုလားပဲတွေကလည်း ဈေးနှုန်းအနည်းငယ်ကျဆင်းပါတယ်။ ပို့ကုန်ပဲတွေလည်း ငွေပေးချေမှုတွေကြောင့် စောင့်ကြည့်နေတဲ့အခြေအနေပါ။ ပြည်တွင်းသုံး မြေပဲဆန်တွေ

ကတော့ သွက်သွက်လက်လက် ရောင်းကောင်းနေပါတယ်။ စားအုန်းဆီလျှော့သွင်းတော့ မြေပဲဆီက ပိုရောင်းကောင်းလာတယ်။ ပို့ကုန်မတ်ပဲနဲ့ပဲစင်းငုံကတော့ ထူးထူးခြားခြား ဈေးတက်တာမရှိတော့ပါ”ဟု ၎င်းကပြောသည်။

ဇွန် ၂၀ ရက်တွင် ပို့ကုန်ပဲများ အနည်းငယ်ဈေးကျဆင်းနေရာ ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၄၃၅,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄,၀၀၀၊ အညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၈,၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန် မြင့်တက်လာရာ ဇွန် ၂၀ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၄,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၃,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၃,၀၀၀ အသီးသီးပေါက်ဈေးရှိလာသည်။

မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်ကောင်းနေပြီး ပြည်တွင်းသုံးပဲမာလိုင်းများမှာ ပုံမှန်အရောင်းအဝယ်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂,၈၀၅,၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၃၅,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ ပေါက် ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ ပေါက်ဈေးရှိနေသည်။

ဇွန် ၂၀ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက် မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၄၀,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၃၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၆၅,၀၀၀ အသီးသီးပေါက်ဈေး ရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်ပမှတင်သွင်းသောကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်း မပြုရန် ထပ်မံအသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ ( ၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်း မပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင် တင်သွင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထား လိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန် လိုင်စင်/ပါမစ် ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့်လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေး အတွက် နှိုးဆော်အသိပေး ကြေညာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/

## ရှော့ဘိုခရိုင်အတွင်း ဇွန်လဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ



ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဇွန်လဒုတိယပတ်တွင် စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်နေပါသည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ဇွန်လပထမပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၃၀,၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၂,၅၀၀၊ နေပြည်တော်သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၀၀၊ စုစုပေါင်း အိတ်ရေ ၇၂,၅၀၀၊ တန်အားဖြင့် ၃၆၂၅ တန် စီးထွက်ခဲ့သည်။

ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၃၂,၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၅,၅၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၀၀ စုစုပေါင်းအိတ်ရေ ၇၇,၅၀၀၊ တန်အားဖြင့် ၃၈၇၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ယခုအပတ်အတွင်း အိတ်ရေ ၅၀၀၀၊ တန်အားဖြင့် ၂၅၀တန် ပို၍ စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဇွန်လဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၄,၃၀၀,၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ်၁၅၅,၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၄၀,၀၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source:** https://www.doca.gov.mm

## အိန္ဒိယအပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာပြပွဲ (India International Jewellery Show– IIJS Premiere 2024) ကျင်းပပြုလုပ်မည်

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ ကျောက်မျက်ရတနာတင်ပို့မှုမြှင့်တင်ရေးကောင်စီ (The Gem & Jewellery Export Promotion Council– JGEPC ) မှ ဦးစီး၍ အကြိမ် (၄၀) မြောက် အိန္ဒိယအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာပြပွဲ (India International Jewellery Show– IIJS Premiere 2024) ကို မွန်ဘိုင်းမြို့ရှိ Jio World Convention Centre ၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိလည်းကောင်း၊ မွန်ဘိုင်းမြို့ရှိ Bombay Exhibition Center ၌ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိလည်းကောင်း၊ နေရာ ၂ ခုခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာလုပ်ငန်းရှင်များမှ မြန်မာပြခန်းဆောင်ဖြင့် ပါဝင်ပြသပေးရန် ဖိတ်ကြားလာသည်။

အဆိုပါ IJS Premiere 2024 နှင့်အတူ အိန္ဒိယကျောက်မျက်ရတနာ စက်ကိရိယာပစ္စည်းများပြပွဲ (The India Gem & Jewellery Machinery Expo – IGJME) ကိုလည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ မွန်ဘိုင်းမြို့ရှိ Bombay Exhibition Center ၌ တစ်ချိန်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၎င်းပြပွဲသည် ကမ္ဘာ့ဒုတိယအကြီးဆုံးကျောက်မျက်ရတနာပြပွဲကြီးဖြစ်ပြီး ပြပွဲတွင် ကျောက်မျက် ရတနာပစ္စည်းများနှင့် စပ်လျဉ်းသည့် စက်ကိရိယာများ ပြသမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသည်လည်း အရည်အသွေးကောင်းမွန်သော ကျောက်မျက် ရတနာများ ထွက်ရှိသည့်အတွက် မြန်မာပြခန်းဆောင်ဖြင့် ပါဝင်ပြသရန်နှင့် အသေးစိတ်အချက်အလက်များကို www.gjepc.org/iijs-premiere တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲတွင် ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုသည်များရှိပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၏ ဖုန်းနံပါတ် ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ နှင့် Email : event.td.myantrade@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

**Source:** https://myantrade.gov.mm/

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇွန်လ ကုန်သွယ်မှုလျာထားချက်မှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၀၀ သန်းဖြစ်ပြီး ၁၅-၆-၂၀၂၄ ရက်နေ့ထိ အမှန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၄၇ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ၅၆ ဒသမ ၉၂၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပို့ကုန်တန်ချိန် ၇၇၈၅ ဒသမ ၆၄၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၅ သန်းနှင့် သွင်းကုန် ၂၀၇၃ ဒသမ ၃၃၂ တန်၊ ၁၀၈၅၀ U၊ ၁၃၁၂၇ ဒသမ ၄၀၀ M2၊ ၄၄၀ BBL၊ ၆၄၈၀၀ ဒသမ ၀၀၀ 2U၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၉ သန်းဖြစ်ပြီး ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၂၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်ပိုင်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရေထွက်ကုန်ပစ္စည်း အုပ်စုတွင် ၃၁၈ ဒသမ ၉၅၄ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၀ ဒသမ ၃၆၁ သန်း၊ လယ်ယာထွက်ပစ္စည်းအုပ်စုတွင် ၇၁၉၂ ဒသမ ၉၆၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၉၆ သန်းနှင့် အခြားပစ္စည်းအုပ်စုတွင် ၂၇၃ ဒသမ ၇၂၁ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၀ ဒသမ ၀၉၈ သန်း၊ စုစုပေါင်းတန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅၅ သန်း တင်ပို့နိုင်ခဲ့ပါသည်။ ပို့ကုန်တိုးမြှင့်ရေးအဓိက ဆောင်ရွက်လျက်ရှိရာ ပြောင်းသီးနှံအား တစ်ဘက်ထိုင်းနိုင်ငံမှ Quota ကာလအနေဖြင့် နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ခွင့်ပြုထားသဖြင့် မိမိနိုင်ငံ ထွက်ပြောင်းများကို ပင်လယ်ရေကြောင်းနှင့် ရန်ကုန်ဆိပ်ကမ်းများမှ တစ်ဆင့် ရနောင်းဆိပ်ကမ်းသို့ တိုက်ရိုက်တင်ပို့လျက်ရှိသကဲ့သို့ နယ်စပ်လမ်းကြောင်း ကော့သောင်းမှတစ်ဆင့် တင်ပို့မှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၁၅ ရက်အထိ နယ်စပ်ကုန်သွယ်မှုအနေဖြင့် ကော့သောင်းမှ ရနောင်းသို့ ပြောင်းတန်ချိန် ၄၆၇၀၉ ဒသမ ၈၅၆ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၉၆ သန်းအား တင်ပို့နိုင်ခဲ့သည်။

**Source:** https://commerce.gov.mm

## ကုန်သွယ်ရေးတင်းမာလာမှုကြောင့် ဥရောပမှတင်သွင်းလာသည့်ဝက်သားများအား ဈေးလျှော့ရောင်းချခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ စတင်စစ်ဆေး

တရုတ်နိုင်ငံမှ တင်ပို့သည့် မော်တော်ယာဉ်များအပေါ် ဘရပ်ဆဲလ်မှ အခွန်နှုန်းတိုးမြှင့်လိုက်ပြီး နောက်နေ့တွင် ဥရောပသမဂ္ဂမှ တင်သွင်းလာသည့် ဝက်သားအချို့အပေါ် ဈေးလျှော့ရောင်းချမှုနှင့်ပတ်သက်၍ စစ်ဆေးစုံစမ်းမှုများအား ပေကျင်းမှ စတင် ဆောင်ရွက်ခဲ့သည်။ ဥရောပမှတင်သွင်းလာသည့် ဝက်သားနှင့်ဝက်ကလီစာ၊ ဝက်ဆီ၊ ဝက်အူ၊ ဝက်သည်းခြေနှင့် ဝက်အစာအိမ် အစရှိသည်တို့အား စုံစမ်းစစ်ဆေးမှု စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် ကြေညာခဲ့ကြောင်း၊ အဆိုပါစုံစမ်းစစ်ဆေးမှုအား ၁၂ လ အတွင်းပြီးဆုံးရန် မျှော်မှန်းထားသော်လည်း နောက်ထပ် ၆ လ သက်တမ်းတိုးနိုင်ချေရှိသည်ဟု ဝန်ကြီးဌာနမှပြောကြားခဲ့သည်။

ယင်းကဲ့သို့ ဥရောပမှဝက်သားများအား စုံစမ်းစစ်ဆေးခြင်းမှာ တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်ကောက်ခံနှုန်းအား EU မှ မကြာသေးမီက တိုးမြှင့်ခဲ့မှုအပေါ် တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံရှိ ဥရောပကုန်သည်ကြီးများအသင်းက ပြောကြားခဲ့သည်။

ယခုကဲ့သို့ စုံစမ်းစစ်ဆေးခြင်းမှာ ပြည်တွင်းလုပ်ငန်းအုပ်စု တစ်ခုဖြစ်သော တရုတ်နိုင်ငံ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးအသင်း၏ တရားဝင်တိုင်ကြားချက်အရ ပထမဆုံးအကြိမ် စတင်စစ်ဆေးခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြန်လည်ပြောကြားခဲ့သည်။ ၎င်းတို့၏တိုင်ကြားချက်မှာ တရုတ်နိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့၏ ဥပဒေများအရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည်ဟု စုံစမ်းစစ်ဆေးမှုအာဏာပိုင်များက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူမှ ထပ်လောင်းပြောကြားခဲ့သည်။

ဥရောပ၏ ဝက်သားလုပ်ငန်းမှာ ထုတ်လုပ်နိုင်စွမ်းထက် ပိုမိုထုတ်လုပ်နေပြီး အထောက်အပံ့ပေးမှု အများအပြားရရှိနေခြင်းကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်းဝက်သားလုပ်ငန်းအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း တိုင်ကြားမှုတွင် ဖော်ပြထားကြောင်း တရုတ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ အနောက်နိုင်ငံများမှ

တာဝန်ရှိသူများနှင့် လုပ်ငန်းများမှ တရုတ်နိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်များနှင့် ဆိုလာတင်ပို့မှုများအပေါ် အခွန်အခများ တိုးမြှင့်ချမှတ်ခဲ့ခြင်းကို ထင်ဟပ်စေသည့် အရေးအသားများအား တရုတ်နိုင်ငံ တိရစ္ဆာန်နှင့်စိုက်ပျိုးရေးအသင်း၏ တရားဝင် တိုင်ကြားချက်တွင် တွေ့ရှိရသည်။

တရုတ်နိုင်ငံမှ ယာဉ်များတင်သွင်းမှုအပေါ် အထောက်အပံ့ပေးမှု တန်ပြန်အခွန်အား ၃၈ ရာခိုင်နှုန်းအထိ ထပ်မံ ကောက်ခံရန်နှင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဥရောပကော်မရှင်မှ ပြီးခဲ့သည့် ရက်သတ္တပတ်က ကြေညာခဲ့သည်။ ပြီးခဲ့သည့် မေလက အမေရိကန်နိုင်ငံသည် တရုတ်လျှပ်စစ်ယာဉ်များ တင်သွင်းမှုအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းအထိ ချမှတ်ခဲ့ရာ ယင်းသည် ယခင် ၂၅ ရာခိုင်နှုန်း ကောက်ခံနေရာမှ တိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း၊ တရုတ်ဆိုလာဆဲလ် တင်သွင်းမှုအခွန်မှာလည်း ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နှစ်ဆမြင့်တက်ခဲ့ပြီး တရုတ်သံမဏိနှင့်အလူမီနီယံများမှာ ၃ ဆအထိ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ဥရောပ၏ ဆောင်ရွက်မှုအပေါ် ပေကျင်းမှဝေဖန်ခဲ့ပြီး ပေကျင်းအနေဖြင့် ၎င်း၏ ကုန်သွယ်ရေးအကျိုးအမြတ်များ၊ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏နည်းဥပဒေများနှင့် ဈေးကွက်စည်းမျဉ်းစည်းကမ်းများကို ကာကွယ်ရန်အတွက် လိုအပ်သည့် အရေးယူ ဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြား ခဲ့သည်။

တရုတ်ဈေးကွက်သည် ကမ္ဘာ့အကြီးဆုံး ဈေးကွက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ရာ ဥရောပဝက်သားအပေါ် စုံစမ်း စစ်ဆေးရန် ကြေညာချက်ထုတ်ပြန်လိုက်ခြင်းမှာ ဥရောပဝက်သားလုပ်ငန်း၏ စိုးရိမ်ပူပန်မှုများအား အစပျိုးပေးလိုက်ခြင်းပင် ဖြစ်သည်။ အကယ်၍ တရုတ်နိုင်ငံအနေဖြင့် ဥရောပမှ အသားတင်သွင်းမှုများအား ကန့်သတ်လိုက်မည်ဆိုပါက ၎င်း၏ လုပ်ငန်းများမှာ အထိနာဆုံးဖြစ်မည်ဟု Danish Agriculture and Food Council မှ ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ အလားတူတရုတ်နိုင်ငံသို့ ဥရောပ၏ ဝက်သား အများဆုံးတင်ပို့နေသည့် စပိန်နိုင်ငံသည် ယခုကိစ္စရပ်နှင့်စပ်လျဉ်းပြီး အခွန်ကြောင့် ထိခိုက်မှုများမှ ရှောင်လွှဲနိုင်ရန် အဖြေတစ်ခုအား ဆောလျင်စွာရှာဖွေဖော်ထုတ်သွားရန် ဥရောပသမဂ္ဂမှ တာဝန်ရှိသူများအား တိုက်တွန်း ပြောကြားထားကြောင်း ဖော်ပြပါရှိသည်။

**Source:** https://www.commerce.gov.mm/

## မတ်ပဲဈေးအနည်းငယ်ပြန်ကျ

ယခင်သီတင်းပတ်အထိ တရိပ်ရိပ်တက်လာနေသော မတ်ပဲဈေးနှုန်းများ အနည်းငယ်ပြန်လည်ကျဆင်းလာကြောင်း သိရသည်။ ရေဝတီတိုင်းဒေသကြီးအတွင်း မတ်ပဲဈေးနှုန်းများသည် ယခုလ ၁၃ ရက်တွင် ၁ တင်းလျှင် ကျပ် ၁၁၂,၂၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး၊ နောက်ရက်များတွင် ဈေးအနည်းငယ်ပြန်လည်ကျဆင်းခဲ့ကြောင်း တွေ့ရသည်။

ရေဝတီမတ်ပဲဈေးနှုန်းများမှာ ဇွန်လ ၁၂ ရက်တွင် ၁ တင်းဈေးနှုန်း ကျပ် ၁၁၁,၈၀၀၊ ၁၃ ရက်တွင် ကျပ် ၁၁၂,၀၀၀၊ ၁၄ ရက်တွင် ကျပ် ၁၁၂၂၀၀၊ ၁၅ ရက်တွင် ကျပ် ၁၁၂၀၀၀၊ ၁၇ ရက်တွင် ကျပ် ၁၁၀၉၀၀၊ ၁၈ ရက်တွင် ကျပ် ၁၁၀၈၀၀၊ ၁၉ ရက်တွင် ကျပ် ၁၁၁၀၀၀ အသီးသီးဖြစ်ခဲ့ပါသည်။

မတ်ပဲအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင်လည်း ပဲခွဲစက်များက ဝယ်လိုအားကျဆင်းခြင်း၊ နွေမတ်ပဲများ ဈေးကွက်အတွင်း အဝင်များနေခြင်း၊ မြန်မာမတ်ပဲများ ချန်နိုင်းဆိပ်ကမ်းသို့ ပုံမှန်အဝင်ရှိနေခြင်းတို့ကြောင့် ဇွန်လ ၁၅ ရက်မှ စတင်ကာ မတ်ပဲဈေးနှုန်းများကျဆင်းလာကြောင်း သိရသည်။

လာမည့်ဇူလိုင်လအတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ တင်သွင်းမှုတက်လာနိုင်ပြီး မတ်ပဲအများအပြား တင်သွင်းထားခြင်း၊ ယခုနှစ်မုတ်သုံမိုးကောင်းနိုင်ခြင်း စသည့်အချက်များပေါ်မူတည်၍ ဇူလိုင်လအတွင်း အဆိုပါပဲဈေးနှုန်းများ ကျဆင်းလာဖွယ် ရှိကြောင်း၊ ဈေးကွက်အတွင်းရှိ လက်လီဈေးနှုန်းများကိုလည်း အစိုးရ၏ စစ်ဆေးထိန်းချုပ်မှုအောက်တွင်ထားရှိရန် ဆောင်ရွက် သွားမှာဖြစ်ကြောင်း အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဌာနမှ အတွင်းရေးမှူးက ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းမတ်ပဲဈေး ကျဆင်းလာနိုင်သော်လည်း ဈေးကွက် အတွင်းဝယ်လိုအား ရှိနေသောကြောင့် ဈေးသိသိသာသာကျဆင်းမည်မဟုတ်ကြောင်း IPGA က ခန့်မှန်းထားပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် မိုးနှင့်ဆောင်းမတ်ပဲ MSP ဈေးနှုန်းသတ်မှတ်ချက်မှာ ၁ ကွမ်တယ်လျှင် Rs 7400 ဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ကထက် Rs 450

တိုးလာကြောင်း တွေ့ရသည်။

အိန္ဒိယနိုင်ငံ၏ မတ်ပဲတင်သွင်းမှုမှာ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် တန်ချိန် ၆ သိန်းကျော် တင်သွင်းထားပြီး တစ်နှစ်ထက်တစ်နှစ် တိုးလာနေခြင်း၊ ပြည်တွင်းပဲဈေးနှုန်းများ တည်ငြိမ်စေရေး အိန္ဒိယအစိုးရသစ်က ရက် ၁၀၀ စီမံကိန်းချမှတ်၍ သိုလှောင်မှုနှင့်ဈေးကွက်ကို ထိန်းသိမ်းရန် ဆောင်ရွက်နေသော်လည်း ယခုနှစ် မတ်ပဲ MSP ဈေးနှုန်းတိုးမြှင့် သတ်မှတ်ပေးခြင်း၊ နွေစိုက်မတ်ပဲများ ဈေးကွက်အတွင်းအဝင်ရှိသော်လည်း မြန်မာနှင့်အိန္ဒိယနှစ်ဖက်စလုံးတွင် မတ်ပဲဝယ်ယူရရှိမှုနည်းပါးခြင်းတို့ကြောင့် ဈေးအလွန်အမင်းကျဆင်းခြင်း မရှိနိုင်ကြောင်း သုံးသပ်ရရှိသည်။

**Source: ရောကုန်သွယ်မြှင့်**

## ထိုင်းနိုင်ငံ၌ ကြက်သားဈေးနှုန်းမြင့်တက်လာမှုကြောင့် ဈေးနှုန်းအပေါ် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက စောင့်ကြည့်လျက်ရှိ

ထိုင်းနိုင်ငံ၌ ကြက်သားဈေးနှုန်းများ အလွန်အမင်းမြင့်တက်လာမှုကို ကာကွယ်ရန်အတွက် ပြည်တွင်းရောင်းအားနှင့် တင်ပို့မှုအကြား မျှတမှုရှိစေရေး ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များကို တိုက်တွန်းလျက်ရှိပြီး ကြက်သားပို့ကုန်အပေါ် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မတ်လမှဧပြီလသည် ကြက်သားဈေးနှုန်းမြင့်တက်လာရခြင်းမှာ ပူပြင်းသောရာသီနှင့် မိုးခေါင်သောကြောင့်ဖြစ်ပါကြောင်း၊ အပူချိန်မြင့်တက်လာခြင်းကြောင့် စားသုံးမှုကိုလျော့နည်းစေပြီး အပူအပေါ်စိုးရိမ်မှုကြောင့် ဝယ်ယူနှုန်းတိုးတက်စေကြောင်း၊ ထို့ပြင်မွေးမြူရေးကာလကို မူလ ၃ ရက်မှ ၅ ရက်ထိ တိုးမြှင့်လိုက်ရသဖြင့် မွေးမြူရေးသမားများအတွက် ကုန်ကျစရိတ်မြင့်တက်စေပါကြောင်း၊ ဦးစီးဌာနအနေဖြင့် မွေးမြူသူတောင်သူများနှင့် ရာသီဥတုအေးလာပြီဖြစ်၍ ကြက်သားထုတ်လုပ်မှုသည် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ကြက်သားဈေးနှုန်း ကျဆင်းတော့မည်ဖြစ်ကြောင်း အတည်ပြုပေးခဲ့သည့် ထုတ်လုပ်သူများနှင့် ဆွေးနွေးခဲ့ပါကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

ပို့ကုန်မြင့်တက်လာသဖြင့် ပြတ်လပ်မှုဖြစ်ပေါ်လာမည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်တွင်းကြက်သားဈေးနှုန်း တည်ငြိမ်စေရေးအတွက် ပြည်တွင်းရောင်းချမှုနှင့် ပို့ကုန်အချိုးအစား မျှတမှုရှိစေရေး အဓိကကြက်သားထုတ်လုပ်တင်ပို့နေသူများဖြစ်သည့် Cargill Meats (Thailand) Co., Ltd၊ CPF (Thailand) Plc နှင့် Saha Farm Co Ltd တို့နှင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ပို့ကုန်ပိုမိုသွားပါက ပြည်တွင်းပြတ်လပ်မှု ဖြစ်ပေါ်စေနိုင်သည်ဖြစ်၍ ကြက်သားတင်ပို့မှုအပေါ် ပိုမိုတင်းကျပ်သည့် အစီအမံများကို ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အရောင်းမြှင့်တင်ရေး လှုပ်ရှားမှုများမှတစ်ဆင့် ကြက်သားဈေးနှုန်းကို ကျဆင်းစေရန် လက်လီ/လက်ကားအရောင်းဆိုင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ဦးစီးဌာနအနေဖြင့် ဇဟိုနှင့်ပြည်နယ်အဆင့် ကြက်မွေးမြူခြင်းနှင့် ဈေးနှုန်းများအပေါ် စောင့်ကြည့်လျက်ရှိကြောင်း၊ ထုတ်လုပ်သူများနှင့် တင်ပို့နေသူများက ထုတ်လုပ်မှုပမာဏသည် ပြည်တွင်းစားသုံးမှုနှင့် တင်ပို့မှုအတွက်ပါ လုံလောက်ပါကြောင်း၊ မွေးမြူသူများက ကြက်ပေါက်များကို ၃၉ ရက်မှ ၄၂ ရက်ကြာ မွေးမြူပြီးနောက် သားသတ်ရုံသစ်များလည်း ဆောင်ရွက်နေပြီဖြစ်ရာ ထုတ်လုပ်မှုအဆင့်သည် မူလအတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်ကြောင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Goranij Nonejuie က ဖြည့်စွက်ပြောကြားပါသည်။

ထိုင်းနိုင်ငံတွင် ပူပြင်းသောရာသီနှင့် မိုးခေါင်မှုကြောင့် စားသုံးမှုကျဆင်းနေသော်လည်း ကြက်သားဈေးနှုန်း မြင့်တက်လျက်ရှိရာ အဓိကကြက်မွေးမြူသူများနှင့်ထုတ်လုပ်သူတို့နှင့် ဆွေးနွေးညှိနှိုင်းပြီး ပြည်တွင်းစားသုံးမှုနှင့်ပို့ကုန်အတွက် ထိခိုက်မှုမရှိစေရေး ပြည်တွင်း ကုန်သွယ်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

# STOCK EXCHANGE (21.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 21st Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,656 (Shares) | 31,523,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +100 | +1.11% | 8,900 | 9,100 | 8,900 | 833 | 7,435,800 | 33,109,694 | 301,298 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 6,117 | 20,179,050 | 38,929,150 | 128,466 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,400 | 8,400 | 8,300 | 23 | 191,000 | 10,400,986 | 86,328 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,750 | 1,700 | 514 | 873,850 | 29,664,613 | 50,430 |
| TMH | 00005 | 2,900 | +50 | +1.75% | 2,800 | 2,900 | 2,800 | 41 | 116,800 | 12,823,224 | 37,187 |
| EFR | 00006 | 1,950 | -50 | -2.50% | 1,950 | 1,950 | 1,900 | 751 | 1,429,450 | 19,977,223 | 38,956 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 20 | 100,000 | 10,497,598 | 52,488 |
| MAEX | 00008 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 357 | 1,197,350 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 21st Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 410.83 | +1.97 | +0.48% | 406.23 | 411.46 | 406.23 | 8,656 | 31,523,300 | 8 | 774,900 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Jun. 2024

| Trading Volume | Trading Value |
|---|---|
| 8,656 (Shares) | 31,523,300 (MMK) |

### Main Board

As of 1:00 pm, 21st Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,656 (Shares) | 31,523,300 (MMK) |

| MYANPIX | 410.83 ▲ 1.97 |
|---|---|
| Total Volume (shares) | 8,656 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,900 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 100 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 50 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 100 |
| MAEX | 00008 | 3,350 | ▼ 50 |